## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၃၆၂ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်

( ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် )

**ဆက်သွယ်ရေးဝန်ဆောင်မှု သုံးစွဲခြင်းအပေါ် နှုန်းတိုးခွန် (Progressive Tax)**
**ကောက်ခံရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ဆက်သွယ်ရေးဝန်ဆောင်မှုအခွန်အခများ ပြင်ဆင်သတ်မှတ်ရေး ဆွေးနွေးဆောင်ရွက်နိုင်ရန် **“ဆက်သွယ်ရေးဝန်ဆောင်မှုသုံးစွဲခြင်းအပေါ် နှုန်းတိုးခွန် (Progressive Tax) ကောက်ခံရေးကော်မတီ”** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ ဆက်သွယ်ရေးဝန်ဆောင်မှု သုံးစွဲခြင်းအပေါ် နှုန်းတိုးခွန် (Progressive Tax) ကောက်ခံရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဆက်သွယ်ရေးဝန်ဆောင်မှု သုံးစွဲခြင်းအပေါ် နှုန်းတိုးခွန် (Progressive Tax) ကောက်ခံရေးအတွက် လိုအပ်သော ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ရန်၊

(ခ) နှုန်းတိုးခွန် (Progressive Tax) ကောက်ခံရေး ဆောင်ရွက်ရာတွင် အထူးကိစ္စရပ်များ အတွက် ကင်းလွတ်သက်သာခွင့်ပြုနိုင်ရေး စီစဉ်ဆောင်ရွက်ရန်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး